# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 26 June 2025 ၁၁၈၆၀


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၅

EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုကြစဉ်။

## ယနေ့ ဖတ်စရာ


"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ကျင်းပ

စာမျက်နှာ » ၈

မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီး

စာမျက်နှာ » ၁၀

နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

စာမျက်နှာ » ၁၂

ကြေးမုံ

# ငြိမ်းချမ်းခြင်းနှင့်အတူ လက်တွဲပေါင်းစည်း သာယာဝပြောသည့်အနာဂတ်ဆီသို့

ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၅ ရက်နေ့က နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများ အစဉ်အဆက်တောင်းဆိုလာခဲ့သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံဟူသည့် ပန်းတိုင်ကို ခိုင်ခိုင်မာမာအလေးထားပြီး မျက်ခြည်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံးမျှော်မှန်းသည့် အဆိုပါပန်းတိုင်သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံထားသဖြင့် အဓိကဆောင်ရွက်ရမည့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ဖြစ်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ယခုကျင်းပသောဖိုရမ်သည် ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်အတွက် ရည်ရွယ်ဆွေးနွေးခြင်းဖြစ်၍ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဆီလျော်ထင်ဟပ်နေပေသည်။ ယခု ၂၀၂၅ ခုနှစ်သည် အရေးကြီးသောနှစ်တစ်နှစ်ဖြစ်သည်။ ယခုနှစ်ကုန်တွင် အထွေထွေရွေးကောက်ပွဲကျင်းပပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအခင်းအကျင်းသစ်ကို ပုံဖော်မည်ဖြစ်သည်။ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ရေရှည်တည်တံ့ခိုင်မြဲစွာဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိမှုဖြစ်ပေမည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများကြောင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေသည်မှာ နှစ်ပေါင်း ၈၀ ခန့်ပင် ရှိပြီဖြစ်သည်။

သဘောထားကွဲလွဲမှုများအပေါ် အခြေခံပြီးဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခပြဿနာများအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို အပြည့်အဝခံစားနိုင်မည်ဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းနေသမျှ မည်သည့်အခါမျှ ငြိမ်းချမ်းသောအနှစ်သာရများကို ရရှိခံစားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ပေးထားကြောင်း နိုင်ငံတော်အကြီးအကဲက အသိပေးပြောကြားထားသည်။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများမှတစ်ဆင့်သာ တက်လှမ်းနိုင်မည်ဖြစ်ရာ “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့်ကျင်းပသည့် Peace Talk 2025 ဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော်တွင် ပြီးခဲ့သည့် မတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ အောင်မြင်စွာကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးမှုမှရရှိသည့် ကာလတိုအတွင်း ဆောင်ရွက်ရမည့် အကြံပြုချက် (၃) ချက်၊ ကာလရှည်လုပ်ဆောင်ရမည့် အကြံပြုချက်(၁၀)ချက်၊ စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှရရှိသည့် ကာလတိုလုပ်ဆောင်ရမည့်အကြံပြုချက် (၄) ချက်နှင့် ကာလရှည်လုပ်ဆောင်ရမည့် အကြံပြုချက် (၁၂)ချက်တို့ကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်သည်။ ဆွေးနွေးပွဲမှရရှိလာသည့် အကောင်အထည်ဖော်ရမည့်ရလဒ်များသည် မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးအတွက် အထောက်အပံ့ကောင်းများဖြစ်သည်။

ယခုငြိမ်းချမ်းရေးဖိုရမ် ၂၀၂၅ ကို နေပြည်တော်တွင် ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပနေသည်။ ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်ပေါင်းစည်းခြင်းဆိုင်ရာများကို ပြည်ပမှဖိတ်ကြားထားသည့်သည်တော်ပညာရှင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ကျွမ်းကျင်သူပညာရှင်များ၊ သုတေသနပြုသူများက ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများကလည်း မေးမြန်းဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၅ မှ ပေါ်ထွက်လာမည့် ဆွေးနွေးသုံးသပ်အကြံပြုချက်ရလဒ်များသည် မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အထောက်အပံ့ကောင်းများအဖြစ် ထပ်မံရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၈၀ ခန့် ကြာမြင့်လာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးစားပွဲဝိုင်းများ၊ ဆွေးနွေးပွဲများတွင် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးတို့ကို အားလုံးပူးပေါင်းလက်တွဲ၍ ဆွေးနွေးအဖြေရှာဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ဆက်လက်ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ငလျင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန် ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၅

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ် မြောက်ပိုင်း–အနောက် ဘင်္ဂလားပြည်နယ်) ကမ်းခြေတို့၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၂၅

ဇွန် ၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၂၉ မိနစ် ၄၅ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်–အနောက်တောင်ဘက် ၅၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၈ ဒသမ ၈၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၂၅

ဇွန် ၂၅ ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၃ မိနစ် ၃၃ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်–အနောက်တောင်ဘက် ၅၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၅ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅– ၆ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၅၀၀ | ၅၅၀ | ၃,၅၇၅,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၁,၇၇၇ | ၅,၃၃၉,၈၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၂ | ၁၆၂,၈၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၅၀ | ၉၂,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၀၁ | ၅၅၂,၈၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၇၅၀ | ၁,၂၀၀,၀၀၀ |
| AMATA | ၄,၀၀၀ | ၃,၉၀၀ | ၁၉၆ | ၇၇၄,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁,၀၃၂ | ၃,၁၄၇,၆၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၂၅ | ၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး – ဦးအေဝမ်းစိုး
စာတည်းများ – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့သို့ရောက်ရှိ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာ

**နေပြည်တော် ဇွန် ၂၅**

EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ – အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ရန် အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်သို့ ရောက်ရှိရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်သည်။


**ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်ဒေသတို့အကြား၊ အာဆီယံဒေသတွင်း နိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လေကြောင်း ပြေးဆွဲမှုများမြှင့်တင်နိုင်ရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်မှ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗာစီဗစ် ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

---

**✪ ရှေ့ဖုံးမှ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် သီးခြား တွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ–အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် မင့်စ်မြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာအစားအစာဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၅

ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 **"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့်နိုင်ငံတော်သစ်ဆီသို့"** သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူး ကြီးစိုးဝင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဝင်များ၊ အငြိမ်းစား တပ်မတော်အရာရှိကြီး များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)မှ ကိုယ်စား လှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ပြည်တွင်း ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သံတမန်များ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စိမ်းလန်းအတွေးရည် ငြိမ်းချမ်းတေးပန်းချီ" တိုင်းရင်းသားပေါင်းစုံ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် ပြည်ပဧည့်သည်တော် ပညာရှင်များအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ –၆၊၇ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခများသည် နိုင်ငံရေးကို အခြေခံသည့် ပြဿနာ၊ ငြိမ်းချမ်းရေးကိုအခြေခံသည့် ပြဿနာများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေခံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ် အခွင့်အရေးဟူ၍ နှစ်ပိုင်းတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသည့် အချိန်တွင် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ၎င်းအချိန် ကတည်းကပင် မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် ရည်မှန်းချက် ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတ စဝ်ရွှေသိုက်၏ လွတ်လပ်ရေး မိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် အတိအလင်း ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင်မှ မိမိတို့နိုင်ငံ အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် ပြင်ဆင်မှုများကို တပ်မတော်ကဦးဆောင်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ရှိခြင်းကြောင့် အသွင်ကူးပြောင်းမှုကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါ လက်နက်ကိုင် ပဋိပက္ခများ ယနေ့တိုင်ချုပ်ငြိမ်းခြင်းမရှိခြင်းကြောင့်လည်း ယခုကဲ့သို့ အခြေအနေများ ဖြစ်ပေါ်နေရခြင်း ဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့** ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်တစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားပေါင်းစုံတေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❍ စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံး ဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဖက်ဒရယ် အခွင့်အရေးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုလည်း ပြန်ကြည့်ရန်လိုကြောင်း၊ တိုင်းရင်းသား အခွင့်အရေးများ၊ နိုင်ငံရေးအရ တောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန် လိုအပ်သည်များကို မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများ လက်ထက်က ငြိမ်းချမ်းရေးညီလာခံ ရလဒ်များကို ပြည်ထောင်စုသဘောတူညီချက်(Union Accord) အဖြစ်စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ ရွေးကောက်ပွဲအပြီး လွှတ်တော်များပေါ်ပေါက်လာပါက ၎င်းလုပ်ငန်းစဉ်ကို ပြန်လည် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုငြိမ်းချမ်းရေးဖိုရမ် အပါအဝင် မိမိတို့လက်ထက် ဆွေးနွေးမှု ရလဒ်များကိုလည်း လွှတ်တော်သို့ တင်ပြဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ငြိမ်းချမ်းရေးကိုအမှန်တကယ် လိုလားစွာဖြင့် ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည် သာယာဝပြောရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံးအနေဖြင့်လည်း ယခုကဲ့သို့ စိတ်သဘောထားရှိမည်ဟု ယုံကြည်ကြောင်း၊ အလားတူ ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ပမှပညာရှင်များနှင့် သံတမန်များအားလုံး အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ကောင်းကျိုးများ ဆောင်ရွက်နိုင်ရန် အတွက် ဆောင်ရွက်သည့် ယခုဖိုရမ်သည် အောင်မြင်သည့် ဆွေးနွေးမှုများ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**❖ ယခင်အစိုးရများလက်ထက်က ငြိမ်းချမ်းရေးညီလာခံ ရလဒ်များကို ပြည်ထောင်စုသဘောတူညီချက်(Union Accord) အဖြစ် စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထား**

**❖ ရွေးကောက်ပွဲအပြီး လွှတ်တော်များပေါ်ပေါက်လာပါက ၎င်းလုပ်ငန်းစဉ်ကို ပြန်လည်ဆောင်ရွက်ရမည်၊ ယခုငြိမ်းချမ်းရေးဖိုရမ် အပါအဝင် မိမိတို့လက်ထက် ဆွေးနွေးမှုရလဒ်များကိုလည်း လွှတ်တော်သို့ တင်ပြဆုံးဖြတ်သွားရမည်**

**❖ အဓိကအားဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားစွာဖြင့် ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားကြရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော် ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ "စစ်မီးလည်းငြိမ်း မြက်ခင်းစိမ်း၍ ငြိမ်းချမ်းတေးများ ချိုလွင်စေ" ဟူသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ဗီဒီယိုကလစ်ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 **" ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်း သာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"** သုံးသပ်ဆွေးနွေးပွဲ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများက အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းများကို အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးကြပြီး ရရှိလာသည့် အကြံပြုချက်များကို ငြိမ်းချမ်းရေး ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်၍ ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိ အောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်

## ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**အားလုံးပဲ မင်္ဂလာပါ**

ဒီကနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမယ့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနဲ့တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကစပြီး ကျင်းပမယ့် ငြိမ်းချမ်းရေးဖိုရမ်ဟာ နိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်တက်ရောက်ဆွေးနွေးတဲ့ပွဲဖြစ်လို့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုမှာ ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ ဆွေးနွေးပွဲကနေတစ်ဆင့် ကျွန်တော်တို့ နိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာ၊ သုံးသပ်အကြံပြုချက်တွေ ပြုလုပ်သွားကြမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကနေ ကျွန်တော်တို့ နိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်း လက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီပြဿနာကို ခေတ်အဆက်ဆက်အစိုးရတွေကလည်း တတ်နိုင်သမျှ သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းဆောင်ရွက်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရရှိပြီးချိန်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပေမယ့် နိုင်ငံတော်ရဲ့သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို ရယူပြီး ဆိုရှယ်လစ်စနစ်၊ တစ်နည်းအားဖြင့် ဗဟိုဦးစီးအစိုးရစနစ်ကို ပြောင်းလဲလျှောက်လှမ်းပြီး ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကူးပြောင်းဖို့ ပြည်သူများရဲ့တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် အသားကျဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို တဖြည်းဖြည်းချင်းပြောင်းလဲခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့ အောင်မြင်စွာ ကူးပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထားဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရစေလိုပါတယ်။

တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီး ပေါ်ပေါက်လာတာနဲ့တစ်ပြိုင်တည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေက ရရှိလာတဲ့ **“အသိတရား”** တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် **“အရှိတရား”** တွေ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလမှာ ငြိမ်းချမ်းရေးညီလာခံကို (၂၁) ရာစုပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ပါတယ်။ ဒီလိုပြောင်းလဲမှုက သမိုင်းကြောင်းအရ အခက်အခဲတွေ ရှိလာနိုင်တဲ့အတွက် အသိပေးမှုတွေ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီကာလတုန်းက တပ်မတော်အနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးခဲ့ပါတယ်။ အရပ်ဘက် စစ်ဘက် ဆက်ဆံရေးကို မြှင့်တင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က လွှတ်တော်နဲ့ အစိုးရအနေနဲ့ ဥပဒေနဲ့မညီညွတ်တဲ့ ပြောဆိုမှုတွေ၊ ပြဋ္ဌာန်းချက်တွေကို အတည်ပြုခဲ့ပြီး ဥပဒေနဲ့မညီညွတ်တဲ့ ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီ ဒုတိယအစိုးရလက်ထက်မှာ ဒီမိုကရေစီလမ်းကြောင်းနဲ့ လွဲချော်ပြီး လက်ရှိအခြေအနေကို ရောက်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ **“ပြည်ထောင်စုနိုင်ငံ”** ထူထောင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားစေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေနဲ့ လူမျိုးစုတွေ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် ယခုနှစ်အကုန်ပိုင်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)အပြင် အချိုးကျ ကိုယ်စားပြုစနစ် (PR) စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမယ်လို့ ကျွန်တော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်ပေးမှာ ဖြစ်ပါတယ်။ စတင်တာဝန်ယူကတည်းက ရှေ့လုပ်ငန်းစဉ် အမှတ်စဉ်(၅)မှာလည်း ထည့်သွင်းချမှတ်ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အစိုးရက မူလရည်မှန်းထားတဲ့အတိုင်း ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

အထွေထွေရွေးကောက်ပွဲ ပြုလုပ်တယ်ဆိုရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၀၊ ၂၀၁၅ နဲ့ ၂၀၂၀ ရွေးကောက်ပွဲကာလတွေတုန်းကလည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွေကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖဆပလခေတ်တုန်းကလည်း အခက်အခဲတွေကြားကနေ ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ အခုလည်း ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အလေးထားဆောင်ရွက်နေပါတယ်။ အဓိကကတော့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုပါတယ်။

ယခုလက်ရှိအခြေအနေမှာ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးရဲ့ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်ပွဲနဲ့ လွှတ်တော်အသီးသီးခေါ်ယူကျင်းပခြင်းတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲ ကျင်းပဖို့အတွက် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ အဆုံးအဖြတ်နဲ့ ဆောင်ရွက်နိုင်တာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူလရည်မှန်းထားခဲ့တဲ့အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီးတော့ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲကျင်းပနိုင်ရေးဟာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေပေါ်မှာ အများကြီးမူတည်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးရင် ဥပဒေနဲ့အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပြီး ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်တဲ့အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာ

**စာမျက်နှာ ၇ သို့**




**“တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီး ပေါ်ပေါက်လာတာနဲ့တစ်ပြိုင်တည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး ယနေ့တိုင် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုတွေက ရရှိလာတဲ့ “အသိတရား” တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် “အရှိတရား” တွေဖြစ်”**

❂ စာမျက်နှာ ၆ မှ

ဦးစားပေး လုပ်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီနဲ့ သွေဖည်နေတယ်၊ မှန်ကန်တဲ့လမ်းစဉ် မဟုတ်ဘူးဆိုတာကိုလည်း အလေးအနက် သတိပြုကြစေလိုပါတယ်။ မိမိတို့ လိုလားချက်များကို လွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ် အတည်ပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ညှော့သည်တော်များခင်ဗျာ...**

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာမှာ ကမ္ဘာ့နိုင်ငံတချို့ရဲ့ ဖြစ်စဉ်တွေအပေါ် သင်ခန်းစာရယူပြီး ပုံဖော်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကို နိုင်ငံအများက ကျင့်သုံးကြရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပုံစံတွေတူညီမှုမရှိကြပါဘူး။ အနောက်ဥရောပနိုင်ငံတွေမှာတောင်မှ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျင့်သုံးမှုပုံစံ မတူညီပါဘူး။ အလားတူ ကျွန်တော်တို့ အာရှနိုင်ငံတွေမှာလည်း တူညီမှုမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်း အစဉ်အလာတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့လုပ်ကိုင်ဆောင်ရွက်သွားကြမယ်ဆိုရင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့နိုင်ငံမှာ အခုမှကျင့်သုံးတာ မဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးစကာလမှာ ပါလီမန် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲပေါင်းစုံနဲ့ တွေ့ကြုံခဲ့ပါတယ်။ (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်မှာ စတင်တာဝန်ယူခဲ့တဲ့ ဒီမိုကရေစီ ပထမအစိုးရလက်ထက်မှာလည်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့ အခြားကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နိုင်ခဲ့ပေမယ့် စိန်ခေါ်မှုအများအပြား ကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ လိုအပ်တယ်လို့ ပြောရခြင်းပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ညှော့သည်တော်များခင်ဗျာ...**

နိုင်ငံတော်အနာဂတ်အတွက် ပညာတတ်များ ရှိဖို့ လိုအပ်ပါတယ်။ ပညာရေးမှာ အားနည်းရင် အတွေးအခေါ်လွဲမှားမှု၊ အယူအဆ လွဲမှားမှုတွေ ဖြစ်လာတယ်လို့ သုံးသပ်ရပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ပညာတတ်များရှိမှသာ နိုင်ငံ့အနာဂတ် ကောင်းမွန်စိတ်ချရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ ပညာရေးစနစ်တွေကို ပြန်လည်လေ့လာသုံးသပ်ပြီး လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ မြှင့်တင်ပြီး အားပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလအခြေအနေအရ ယခုကာလမှာ လူငယ်လူရွယ်တွေဟာ အနည်းဆုံး KG+9 အဆင့်အထိ သင်ကြားတတ်မြောက်ပြီးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီမိုကရေစီဖော်ဆောင်နိုင်ဖို့အတွက် **“တည်ငြိမ်အေးချမ်းမှု”** ဟာ အရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒက တိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့ လူမှုစီးပွားဘဝ လုံခြုံရေးနဲ့အာမခံချက်ရရှိရေးတို့ကသာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်မှုကို ရရှိမှာပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြဖို့ အမှန်တကယ်လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှု မရှိဖို့ လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ထားပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများနဲ့ သဟဇာတဖြစ်နေဖို့ လိုအပ်တာမှန်ပေမယ့်လည်း ဩဇာခံဖြစ်မသွားဖို့ကိုတော့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းနောက်ခံများအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်နဲ့ အညီ စောင့်ထိန်းလိုက်နာလျက်ရှိပါတယ်။ ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း သဟဇာတဖြစ်တဲ့ ဆက်ဆံမှုရှိဖို့လိုအပ်သလို မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကိုလည်း လိုက်နာတန်ဖိုးထားကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ညှော့သည်တော်များခင်ဗျာ...**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးတာနဲ့တစ်ပြိုင်တည်း အရင်ဆုံး ဦးစားပေးဆောင်ရွက်ခဲ့တာကတော့ ထာဝရငြိမ်းချမ်းရေးပါပဲ။ ဒါ့ကြောင့် ငြိမ်းချမ်းရေးအတွက် ကော်မတီတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး လက်ရှိအချိန်ထိ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်း လမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်တွေမရှိတဲ့ ဆွေးနွေးပွဲတွေအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာကို အားလုံးသိမြင်ပြီးသား ဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ဆန္ဒနဲ့ မိမိတို့အဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြည်ထောင်စုနဲ့ တိုင်းရင်းသားပြည်သူများအားလုံးရဲ့ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်နဲ့ ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ကိုယ်စီလိုလားချက်တွေကို လက်နက်ကိုင်တဲ့လမ်းစဉ်နဲ့ တောင်းဆိုနေကြတာကတော့ မှားယွင်းတဲ့လမ်းစဉ်ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ပြောကြားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနဲ့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရည်မှန်းထားတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေး ရရှိရေးဟာ အသက်တမျှ အရေးကြီးလှပါတယ်။ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့ လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အကြိမ်ကြိမ် ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာ ဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားပါကြောင်း ဒီဖိုရမ်ကနေ ထပ်ဆင့်အသိပေးပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ညှော့သည်တော်များခင်ဗျာ...**

ဒီနေ့ကျင်းပမယ့် ဖိုရမ်မှာ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းမျိုးစုံက ပုဂ္ဂိုလ်အားလုံးပါဝင်ကြပါတယ်။ ဒီဖိုရမ်ကို အားလုံးပါဝင်တဲ့ အမျိုးသားအဆင့်ဆွေးနွေးပွဲ(Inclusive National Dialogue) တစ်ရပ်ဖြစ်စေဖို့အတွက် ကျွန်တော်တို့ဘက်က ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သူအားလုံးကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း တချို့တလေ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်ကြပါဘူး။ ကျွန်တော်တို့ကတော့ နိုင်ငံနဲ့ပြည်သူလူထုရဲ့ မျက်နှာကိုကြည့်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတမ်း လက်ကမ်းကြိုဆိုပါတယ်။ သက်ဆိုင်သူအားလုံးပါဝင်နိုင်ပြီး စောနိုင်သမျှစောပြီး ဆွေးနွေးနိုင်ရင် နိုင်ငံအတွက် ပိုမိုကောင်းမှာဖြစ်လို့ တွေ့ဆုံဆွေးနွေးရေးအတွက် ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ ပုံသေသတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာ မဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီတာဝန်ရှိကြတာပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ် ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့ လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ **“လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်မှာ အတူတကွ လက်တွဲလျှောက်လှမ်းကြပါစို့”** လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

**❛ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနဲ့ ကျွန်တော်တို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ်ပါတယ် ❜**

# Myanmar - Vietnam Construction Business Matching ကျင်းပ



**ရန်ကုန်  ဇွန်  ၂၅**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့၏ Myanmar–Vietnam Construction Business Matching ကို ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H. E. Mr. Ly Quoc Tuan က အမှာစကား ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ ၂၂ ခုတို့မှ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းအမျိုးအစားပေါင်း ၂၀ ကျော် တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ရာ မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ ကုန်ပစ္စည်းထုတ်လုပ်တင်သွင်းသူများ တက်ရောက်ဆွေးနွေးကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်အသင်းဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အင်ဂျင်နီယာများ၊ ကုန်ပစ္စည်းထုတ်လုပ်တင်သွင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ ” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ စုစုပေါင်း ၂၅၉ ဦး တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေကိုသိမြင်ပြီး နိုင်ငံသားအားလုံးက မိမိတို့နိုင်ငံ တည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်၍ တွေ့ကြုံလာသည့်အခက်အခဲများကိုလည်း နိုင်ငံသားအချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပေါင်းစပ်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်း အမြင်တူသည်များကို စုပေါင်းလုပ်ဆောင်၍ အမြင်မတူသည်များကို ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အကျိုးစီးပွားကို ဘုံရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အရေးပါသော အကြံဉာဏ်များနှင့် အကူအညီများပေးနိုင်သည့် နိုင်ငံတကာမှ မိတ်ဆွေများ ပူးပေါင်းပါဝင်လာရေးသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကြီးမားသည့် အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင် ကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ပြီး လက်တွေ့ကျသည့် နည်းဗျူဟာများကို ဖိုရမ်တွင် ဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်ထားသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

ငြိမ်းချမ်းရေးဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့”နှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လွတ်လပ်၍ တရားမျှတသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများမှတစ်ဆင့် စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်တည်ဆောက်ရန်အတွက် လိုအပ်သော အခြေခံအုတ်မြစ်များ ခိုင်မာလာစေရေးတို့ အတွက် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်များကို လေ့လာဆန်းစစ်ပြီး ပြည်သူကို ဗဟိုပြုသော ခိုင်မာသည့် လမ်းကြောင်းများကို ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် Peace Forum မှတစ်ဆင့် ရည်ရွယ်ချက် (၄) ရပ်ဖြစ်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တည်ဆောက်ရန်၊ လူသားချင်းစာနာမှုအကူအညီများနှင့် လူမှုစီးပွားဘဝ စိန်ခေါ်မှုများကို ကိုင်တွယ် ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန် တို့အတွက် ထပ်ဆင့် အကျိုးဖြစ်ထွန်းစေရန်လည်း မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားဧည့်သည်တော် ပညာရှင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun၊ အိန္ဒိယနိုင်ငံမှ သံအမတ်ကြီး (ငြိမ်း) Mr. Jaideep Mazumdar၊ ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး (ငြိမ်း) Mr. Sihasak Phuangketkeo၊ ရုရှားနိုင်ငံမှ Professor Aleksandr Gelyevich Dugin တို့က ငြိမ်းချမ်းရေးဖိုရမ်နှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီး နိုင်ငံခြားဧည့်သည်တော် ပညာရှင်ရှစ်ဦးက “ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းများ”၊ “ပဋိပက္ခအပြီး ပြန်လည်တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာတို့နှင့် ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရမည့် လုပ်ငန်းစဉ်များ” ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက ဆွေးနွေးမေးမြန်းခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ကြကာ ဦးဆောင်ဆွေးနွေးသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးဖိုရမ်မှ ရရှိလာမည့် အပြုသဘောဆောင်သော အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်တွင် ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြော

**ဇီးကုန်း ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ဆောင်ရွက်သည်။

**ရှင်းလင်းပြောကြား**

ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယမင်းသန့်က ငလျင်လှုပ်ခတ်ရသည့်အကြောင်းရင်းများ၊ လှုပ်ခတ်နေစဉ် လိုက်နာဆောင်ရွက်သင့်သည့်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များ၊ လှုပ်ခတ်ပြီးချိန်တွင်လည်း လုပ်ဆောင်သင့်သည့် အချက်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

**သရုပ်ပြလေ့ကျင့်**

ဆက်လက်၍ ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ရာတွင် လှုပ်ခတ်ချိန်၌ ကျောင်းသား ကျောင်းသူများ ပြုမူဆောင်ရွက်သင့်ပုံများ၊ ငလျင်ဘေးအန္တရာယ်ကျရောက်လာပါက မီးသတ်ဦးစီးဌာနမှ လျင်မြန်စွာတုံ့ပြန် ရှာဖွေကူညီကယ်ဆယ်ဆောင်ရွက်နိုင်ရေး၊ ထိခိုက်ဒဏ်ရာရရှိသူများအား ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးသူနာပြုစု ဆောင်ရွက်ပုံနှင့် အဆောက်အအုံများ ငလျင်ကြောင့် ပြိုကျ၍ ထိခိုက်ဒဏ်ရာရရှိသူများအား ကုသပေးခြင်း၊ သေဆုံးမှုများရှိပါက ရှာဖွေသယ်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးလောင်



မှုတွင် ပိတ်မိနေသူများအား မီးငြိမ်းသတ်၍ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို အဆင့်လိုက်စနစ်တကျ သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံကို ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ဖို့က အဓိကဖြစ်တဲ့အတွက် သဘောထားအမြင်တွေ ကွဲပြားမှု ဘယ်လိုရှိနေပါစေ၊ ဒီလိုငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ပေးကြဖို့ အရေးကြီးပါတယ်

Mr.Harishchandra Ghimire

သတင်းအဖွဲ့

နေပြည်တော် ဇွန် ၂၅

"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေးသုံးသပ်ဆွေးနွေးပွဲ (Peace Forum 2025) ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇွန် ၂၅ ရက်မှ စတင်၍ သုံးရက်တာကျင်းပလျက်ရှိသည်။ အဆိုပါသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာသူအချို့၏ စကားသံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Dr.Lorenzo Pacini**

**Associated Professor SUPDI University-Distance Learning Private University School in Zug, Switzerland၊ အီတလီနိုင်ငံသား**

မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးအတွက် သဘောတူညီထားတဲ့အချက်တွေကို လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ တူညီတဲ့နိုင်ငံရေးရပ်တည်ချက်ရှိဖို့လည်း လိုပါတယ်။ မြန်မာ့ဒီမိုကရေစီစနစ်ဟာ မြန်မာနိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ပဲ ဖြစ်ရမှာဖြစ်ပါတယ်။ အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီစနစ်ကို ပုံတူကူးချယူလို့ မရပါဘူး။ နိုင်ငံတကာငြိမ်းချမ်းရေးဖော်ဆောင်သူတွေနဲ့ ဒေသတွင်းမိတ်ဖက်နိုင်ငံတွေကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စကားဝိုင်းဆွေးနွေးမှုတွေကို ဖော်ဆောင်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာသုတေသီတွေက ဝိုင်းဝန်းအဖြေရှာပြီးတော့ အစိုးရအဖွဲ့ကို သင့်လျော်ကောင်းမွန်တဲ့အကြံဉာဏ်ကို အထောက်အကူပြုပေးအပ်သွားနိုင်ဖို့ လိုပါတယ်။ ဘက်လိုက်မှုမရှိဘဲ မျှတတဲ့အမြင်တွေကို ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီကနေ ဘုံသဘောတူညီချက်တွေကို ချမှတ်သွားရမှာဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးအဖြေတစ်ခုကို ရဖို့အတွက် ပထမခြေလှမ်းဖြစ်ပါတယ်။ ဘုံအကျိုးစီးပွားတွေကပဲ အကောင်းဆုံး အဖြေတစ်ခု ဖြစ်လာပါလိမ့်မယ်။

**Mr. Kong Peng**

**Associate Research Fellow Director**

**မြန်မာ့ရေးရာလေ့လာရေးဌာန၊ ယူနန်တက္ကသိုလ်**

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကို လာရောက်ပြီး အခုလိုပါဝင်ဆွေးနွေးခွင့်ရလို့ အင်မတန်ဝမ်းသာမိပါတယ်။ ဒီဖိုရမ်ကနေ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် အကျိုးရလဒ်ကောင်းတွေ ရရှိမယ်လို့လည်း ယုံကြည်ပါတယ်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင်၊ လိုအပ်နေတဲ့ငြိမ်းချမ်းရေးအမြန်ဆုံးရရှိအောင် ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ပါဝင်ပြီး အကြံဉာဏ်တွေပေးသွားမယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးက အမြန်ဆုံးရရှိသင့်တဲ့အရာလို့လည်း ထင်မြင်ပါတယ်။

**Mr.Harishchandra Ghimire**

**နီပေါသံအမတ်ကြီး**

မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့အချက်ကတော့ နိုင်ငံရေးပညာရှင်တွေအားလုံး သက်ဆိုင်ရာကဏ္ဍအားလုံးမှာ ပါဝင်ဖို့လိုအပ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံငြိမ်းချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေဖို့၊ ရွေးကောက်ပွဲကျင်းပနိုင်ဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတည်ငြိမ်လုံခြုံမှုရှိဖို့က အရေးကြီးပါတယ်။ ဒီနေ့ကျင်းပတဲ့ဖိုရမ်မှာ နိုင်ငံတကာက ပညာရှင်တွေ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေက ပညာရှင်တွေ ဖိတ်ကြားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးအကြံပြုကြမယ်လို့ သိရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက လက်ရှိမြန်မာ့နိုင်ငံရေးရဲ့ လက်ရှိအခြေအနေမှာ ပါဝင်နေပါတယ်။ ဒါကြောင့် နိုင်ငံကို ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ဖို့က အဓိကဖြစ်တဲ့အတွက် သဘောထားအမြင်တွေကွဲပြားမှု ဘယ်လိုရှိနေပါစေ၊ ဒီလိုငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ပေးကြဖို့ အရေးကြီးပါတယ်။ ပြီးတော့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံး ချောမွေ့ဖို့ လိုအပ်ပြီး ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း ဆက်ပြီး ရှေ့ကို သွားနိုင်မှာဖြစ်ပါတယ်။



Dr.Lorenzo Pacini



Mr. Kong Peng



Mr.Harishchandra Ghimire



ဦးခေါ်တိန့်



Dr.Sabyasachi Dutta



ဒေါက်တာ ညိုညိုသင်း

**ဦးခေါ်တိန့်**

**အတွင်းရေးမှူး**

**ဒီမိုကရေစီပါတီသစ်(ကချင်)**

ဒီနေ့ကျင်းပတဲ့ဖိုရမ်က နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲအတွက် ခြေလှမ်းသစ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်က နိုင်ငံရေးပါတီအနေနဲ့ ပါဝင်ဆွေးနွေးသွားဖို့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် စီးပွားရေးတွေ ဆုံးရှုံးတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေဆုံးရှုံးတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေကြောင့် တရားဥပဒေစိုးမိုးမှုမရှိတော့ ပြည်သူတွေက အဲဒီဒဏ်ကို ခါးသီးစွာခံစားနေကြရတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေက နယ်မြေတွေကို ထိန်းချုပ်ဖို့ကြိုးပမ်းပြီး ပြည်နယ်အတွင်းမှာရှိတဲ့သယံဇာတတွေကို တရားမဝင်ထုတ်ယူရောင်းချပြီး လက်နက်တွေ ဝယ်ယူကြတယ်။ ဒေသခံတွေရဲ့ ဘဝကတော့ အတိဒုက္ခရောက်ရတယ်။ ဒါကြောင့် ကျွန်တော်တို့သဘောထားကတော့ ငြိမ်းချမ်းချင်တယ်၊ တရားဥပဒေစိုးမိုးစေချင်တယ်။ နောက်တစ်ခုက ရွေးကောက်ပွဲလုပ်စေချင်တယ်။ ရွေးကောက်ပွဲလုပ်မှပဲ ကျွန်တော်တို့ တိုင်းရင်းသားတွေက လွှတ်တော်ကို ရောက်လာပြီး ကျွန်တော်တို့ဒေသရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်။ ပြည်သူအားလုံးက မဲဆန္ဒရှင်တွေဖြစ်တယ်၊ လက်နက်ကိုင်တိုင်းရင်းသားဖြစ်ဖြစ်၊ တိုင်းရင်းသားပြည်သူအားလုံးဖြစ်ဖြစ် ဆန္ဒမဲပေးသင့်တယ်။ ဒါမှသာ အချင်းချင်း ပိုယုံကြည်အားကိုးလာမယ်။ လက်ရှိမှာ မဲဆန္ဒရှင်နဲ့ မဲဆန္ဒနယ်တွေ မပျောက်ဆုံးဖို့ပါပဲ။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့နဲ့ မဲဆန္ဒနယ်တွေ ပျောက်ဆုံးမသွားဖို့ အခုလိုဆွေးနွေးညှိနှိုင်းနေရတာ ဖြစ်ပါတယ်။

**Dr.Sabyasachi Dutta**

**Executive Director, Asian Confluence, Shillong**

**အိန္ဒိယနိုင်ငံ**

ဒီဖိုရမ်က တကယ်ကိုကောင်းမွန်တဲ့ လုပ်ဆောင်မှုတစ်ခုပါ။ မြန်မာအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရမယ့် မူဘောင်တွေထဲက အစိတ်အပိုင်းဖြစ်ပါတယ်။ ဒီမူဘောင်တွေကို လိုက်ပါလုပ်ဆောင်ပြီးတော့ တည်ငြိမ်အေးချမ်းတဲ့ ဒီမိုကရေစီကို ဖော်ဆောင်သွားနိုင်မှာလည်းဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားဖို့ လိုပါတယ်။ သဘောထားမတိုက်ဆိုင်မှုတွေကတော့ ရှိနေနိုင်ပါတယ်။ ဒါပေမယ့် ဆွေးနွေးမှုတွေကနေတစ်ဆင့် ယုံကြည်မှု၊ နားလည်မှုတွေကို တည်ဆောက်သွားရမယ်။ ဒါက အရေးကြီးပါတယ်။ မြန်မာနိုင်ငံအတွက် ရွေးကောက်ပွဲက အင်မတန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲတစ်ခုတည်းတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးမူဘောင်တွေကိုလည်း တစ်ပါတည်းချမှတ်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိစွာ ကျင်းပဖို့လည်း လိုအပ်ပါတယ်။ ဒီနေ့နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းမှာလည်း တိကျရှင်းလင်းစွာ ဖော်ပြထားပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မူဝါဒတွေကို လိုက်နာဖော်ဆောင်သွားဖို့လည်း လိုအပ်ပါတယ်။

**ဒေါက်တာ ညိုညိုသင်း**

**လွှတ်တော်ကိုယ်စားလှယ်ဟောင်း**

ဒီဖိုရမ်က ပြီးခဲ့တဲ့ မတ်လက ကျင်းပတဲ့ Peace Talk ရဲ့ အဆက်ဖြစ်ပါတယ်။ Peace Talk မှာ ရခဲ့တဲ့ တိုးတက်မှုတွေကို အခြေခံပြီး ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ပဋိပက္ခတွေက အပစ်အခတ်ရပ်စဲမှုတွေ လုပ်ပေမယ့် မြေပြင်မှာက ပဋိပက္ခတွေ ဆက်ဖြစ်နေတာမို့ငြိမ်းချမ်းရေးတံခါးကို ဆက်ဖွင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး လက်နက်ကိုင်တိုက်ပွဲတွေအစား၊ လက်နက်ကိုင်နည်းလမ်းအစား စကားဝိုင်းဆွေးနွေးပွဲတွေ ကျင်းပလာနိုင်ဖို့ ရည်ရွယ်ထားတယ်။ ဆွေးနွေးပွဲစကားဝိုင်းတွေ ဖြစ်လာဖို့အတွက် ဒီနေ့ ကျင်းပတဲ့ဖိုရမ်ကအစ ကနဦးခြေလှမ်းဖြစ်ပါတယ်။ ပြည်တွင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ပြည်တွင်းအုပ်စုတွေ အားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ရရှိမှာဖြစ်ပါတယ်။

---



## ကျုံပျော်မြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲ ကျင်းပ

ကျုံပျော် ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြအေးက ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ ဌာနမှတာဝန်ယူကောက်ခံနေသောအခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များနှင့် အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သိကောင်းစရာများနှင့် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရားစနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီး

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့(ကမ္ဘာ့မူးယစ်ဆေးဝါးနေ့)အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု ကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၃၈)ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေကာ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုများလည်း မြင့်တက်လာစေလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှု ပြဿနာများကိုပါ ရင်ဆိုင်နေရပါသည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များ ကြီးစိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများသည် မည်သည့်နေရာတွင်မဆို ထုတ်လုပ်နိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများရှိသည့် ဒေသများတွင် ထုတ်လုပ်မှုများမြင့်တက်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း တရားမဝင်နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူ ဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

> **“မြန်မာနိုင်ငံအတွင်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း တရားမဝင်နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူ ဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။”**

စာချုပ်(NCA)ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ အကြိမ် (၃၀)မြောက် အထူးအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများ ပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ရေးဆွဲထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမူဝါဒများကို အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဥပဒေဖြစ်စေရန် ပြန်လည်သုံးသပ်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် နှစ်စဉ်ရန်ပုံငွေအမြောက်အမြား ကုန်ကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့မှ သီးခြားဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ၅ နှစ်တာကာလ ဒုတိယအကြိမ် ရေ့ပြေးစီမံကိန်းအား ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၅ ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းတံတား၊ မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ သာသနာရေး၊ ဆက်သွယ်ရေး၊ အသိပညာပေးရေး၊ ကုန်သွယ်ရေး၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် UNODC နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့တွင် ဘိန်းအစားထိုး သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးခြင်းတို့ကို အထူးစီမံကိန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုဒေသများမှ ထွက်ရှိသည့်ကော်ဖီများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ၁၅၆ ဒသမ ၇၂ တန်၊ ၂၀၂၄ ခုနှစ်တွင် ၁၅၃ ဒသမ ၃၆ တန်ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အလားတူ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အဖွဲ့(ONCB) နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသတွင်လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်မှစတင်၍ ကော်ဖီသီးခြောက် ၉ ဒသမ ၇ တန်ကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါသည်။

သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့မှ နိုင်ငံတော်အစိုးရ၏ နှစ်စဉ်လျာထားရန်ပုံငွေများဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၅၆ မြို့နယ်အတွင်း နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးခြင်းနှင့်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ/ ပိုးသတ်ဆေး ခွဲဝေပေးခြင်း၊ နှစ်ချင်းစံပြကွက်များစိုက်ပျိုးခြင်း၊ သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးပညာပေး သင်တန်းများဖွင့်လှစ်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ် ၄၇၃၅၀ ဒသမ ၂၈ သန်း ကုန်ကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မွေးမြူရေးကဏ္ဍစီမံကိန်းများအတွက် ခွဲဝေချထားပေးခဲ့သည့် ပြည်ထောင်စုဘဏ္ဍာငွေ ၅၁ ဒသမ ၇၃၄ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မူးယစ်စီမံကိန်းဝင်မြို့နယ်များတွင် တိရစ္ဆာန်များ(ကြက်/ဝက်) ထောက်ပံ့ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အထောက်အကူပြု ပညာပေးဟောပြောပွဲများ၊ သင်တန်းများပို့ချခြင်း၊ ပျားမွေးမြူရေးသင်တန်းများပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ၁၄ ဒသမ ၆ သန်း အကုန်ကျခံကာ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများနှင့် တိရစ္ဆာန်များအား ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုးနှင့်စီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်း ဆေးခန်း ၃ ခု တို့၌ မူးယစ်ဆေးစွဲလူနာ ၂၆,၉၆၄ ဦးအား ၂၀၂၄ ခုနှစ်အတွင်း ကုသပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးစွဲကုသမှု ခံယူပြီးသူများအား ပိုမိုကောင်းမွန်သောလူမှုဘဝ ပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ **စာမျက်နှာ ၁၁ သို့** ☆

✰ စာမျက်နှာ ၁၀ မှ

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပ စခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေး ဘုတ်များစိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့် ဌာန၊ အဖွဲ့အစည်းငါးခုတို့မှ ပြန်ကြားရေးနည်းလမ်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ Talk Show ၊ ဇာတ်လမ်းတို၊ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်မီဒီယာများမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးသို့ ပညာပေးလှုံ့ဆော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးပေါင်း အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၁၁၆၃ ဘီလီယံကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်းဖော်ထုတ်ပြီး ဘိန်းခင်းဖျက်ဆီးခြင်းတို့အား ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၄၇၃၄ ဒသမ ၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့ကျစေရေးအတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း ၄၃ မျိုးအား တင်းကျပ်စွာ ထိန်းချုပ်ကန့်သတ်ထားပြီး နိုင်ငံအတွင်း တရားမဝင်တင်သွင်းမှုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းလုပ်ငန်းကို ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre Export Notification- PEN)နှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများအား Pre Export Notification- PEN Online Light စနစ်တို့ဖြင့် ဆက်သွယ်စစ်ဆေးကာ လမ်းလွဲရောက်ရှိမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများ ထပ်မံကျူးလွန်ခြင်းမရှိစေရေးအတွက် ပြစ်မှုကျူးလွန်သူတရားခံများ၏ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံစစ်ဆေးကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့များ၌ ဖျက်ဆီးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဖျက်ဆီးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့(AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့(DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) တို့နှင့်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ ပေးပို့သည့် ဆောင်ပုဒ်များဖြစ်သည့် “The evidence is clear: invest in prevention” “မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင်ကာကွယ်ပေး”နှင့် “Break the cycle. #StopOrganizedCrime” “အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့” ဆိုသည့်အတိုင်း နိုင်ငံတိုင်းက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီ တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တိုက်ဖျက်နိုင်မည့်အပြင် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ၏ ဘဝလုံခြုံမှုရှိကာ အနာဂတ်နိုင်ငံတော်ကြီးကို အတူလက်တွဲတည်ဆောက်နိုင်ကြပါစေကြောင်း အလေးအနက် ဆန္ဒပြုရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။



## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်မြို့အခြေစိုက် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရန်ကုန်မြို့အခြေစိုက် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL- Kuwari အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်တွေ့ခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် အပြန်အလှန်ပံ့ပိုးကူညီရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သန်လျင်မြို့နယ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

သန်းဝင်း(သန်လျင်)




## ဒဂုံတက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက Disaster Risk Management of Myanmar & Practical Experiences အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်သည်။




ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကား ပြောကြားပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမောင်မောင်သန်းက Disaster Risk Management of Myanmar & Practical Experiences ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားကာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းက အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်/ဌာနအသီးသီးမှ ပါမောက္ခ/ဌာနမှူးများနှင့်ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော်   ဇွန်   ၂၅**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ ဇွန်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ အခြေအနေကို ၁၀-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့ ✻

### ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၅၁၂၀ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၆၁၀ | ၅၀၇၂ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၃၅ | ၆၆၂ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၂၆၂ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၉၆ | ၁၉၂ | ၂၆၇ | ၁၇ | ၂၀ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၁၂ | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | ၂၀၈၂၉ | ၁၀၅၇၃ | ၈၂၄၄ | ၁၄၄၀ | ၄၈၆ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၉၀ | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၅၅၄၉ | ၁၅၃၈ | ၂၈၀၅ | ၁၀၀၄ | ၁၆၉ | ၃၃ | - | |
| | | ထုပ် | ၂၄၄၃ | ၉၉၀ | ၁၂၅၂ | ၁၀၂ | ၉၉ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| | | စည်း | ၇ | ၃ | ၂ | ၁ | ၁ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၂၂၈ | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၃၃ | ၁၃၃ | ၁၇၈ | ၁၃ | ၉ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

### ထိုင်းနိုင်ငံရောက်စေတနာရှင်များမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၃၃၈ | ၆၁၄ | ၆၀၁ | ၅၅ | ၆၈ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ/ထုပ် | ၆၂၄ | ၂၈၇ | ၂၈၁ | ၂၅ | ၃၁ | - | - | |
| | | ဖာ | ၉၅၀ | ၄၃၇ | ၄၂၇ | ၃၈ | ၄၈ | - | - | |




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။

### Singapore Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၈၀ | ၃၇ | ၃၆ | ၃ | ၄ | - | - | |

### Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၂၅ | - | - | - | - | - | ၂၅ | ဆက်လက်ဖြန့်ခွဲပါမည်။ |
| ၂ | Sleeping Bags | ထုပ် | ၂၂ | ၁၀ | ၁၀ | ၁ | ၁ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ထုပ် | ၁ | - | - | ၁ | - | - | - | |

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၂၀ | - | - | - | - | - | ၂၀ | ဆက်လက်ဖြန့်ခွဲပါမည်။ |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၆ | ၇ | ၇ | ၁ | ၁ | - | - | |
| | | ထုပ် | ၅ | ၁ | ၂ | ၁ | ၁ | - | - | |
| | | စည်း | ၇ | ၃ | ၂ | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၁၀၈ | ၄၉ | ၄၈ | ၅ | ၆ | - | - | |



Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။



စင်ကာပူနိုင်ငံ Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။

✻ စာမျက်နှာ ၁၂ မှ

ယခုအခါ ဇွန် ၁၁ ရက်မှ ၂၃ ရက်အထိ ရက်သတ္တနှစ်ပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ Singapore Lotus Light Charity Society၊ Singapore Buddha Dhamma Mandala Society၊ Love and Care Charity Group နှင့် ထိုင်းနိုင်ငံရောက် စေတနာရှင်များက ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီး ဖြစ်သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၃ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၃ စီး၊ မော်တော်ယာဉ် ၁၁၂ စီးဖြင့် စုစုပေါင်းတန်ချိန် ၂၄၃၅ တန် ခန့်ဖြစ်သည်။

နိုင်ငံတကာအလှူရှင်များက ဇွန် ၁၁ ရက်မှ ၂၃ ရက်အထိ ရက်သတ္တနှစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

**ဆက်လက်ထုတ်ပြန်သွားမည်**

ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိ ဖြန့်ခွဲမှုတို့ကို နှစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ထိုင်းနိုင်ငံရောက် စေတနာရှင်များက လှူဒါန်းသည့်ပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။


နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။


ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။


မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

## ဂန့်ဂေါမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဂန့်ဂေါ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးဌာန ရုံးရှေ့နှင့် ကျောတိုက်ရပ်ကွက်ရှိ မြစ်သာခန်းမဝင်းအတွင်း၌ ယနေ့နံနက် ၈ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းညွန့်က ပျိုးပင်များကို ပေးအပ်ရာ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က လက်ခံရယူသည်။



အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်းပျိုးပင် ၁၆၃ ပင်ကို တက်ရောက်လာကြသည့် ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၆၂ ဦးက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း**

## မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြု မိုးရာသီစုပေါင်းသစ်ပင်စိုက်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းစည်ပင်သာယာ ဝန်ထမ်းအိမ်ရာဝင်း အနောက်ဘက်ခြမ်းရှိ ရထားသံလမ်းဘေး၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



**စိုက်ပျိုးခဲ့ကြ**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စိန်ပန်းပျိုးပင် ၂၀၀ ပေးအပ်ကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် အဖွဲ့ဝင်များ တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025)အခမ်းအနား ကျင်းပ

**နေပြည်တော်  ဇွန်  ၂၅**

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနားကို ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းရုံး၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း အထူးကိုယ်စားလှယ်နှင့် ညွှန်ကြားရေးမှူး စင်သီယာဆမ်မြူအယ်လ်-အိုလွန်ဂျူဝမ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကုလသမဂ္ဂဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးဌာနခွဲ၏ အဆင့်မြင့်အရာရှိ အမ်ဆန်စီဘန်ဒါ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ရဝမ်ဒါသမ္မတနိုင်ငံတို့၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် ဆန်းသစ်တီထွင်မှုတို့၏ ပံ့ကိုင်သူများအဖြစ် MSMEs ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပရာ ကုလသမဂ္ဂ၏ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့ အကြီးအကဲ ဂျွမ်ဂျိုးစ်မာတီနက်ဘာဒီလိုက ဦးဆောင်၍ MSMEs ကိုယ်စားလှယ်များ၊ မူဝါဒနှင့် အစိုးရပိုင်းဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွားရေးရာအထောက်အကူပြုအဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅(MSME Day 2025)ကို ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးအခြေအနေအပြောင်းအလဲများအကြား ကျယ်ပြန့်သည့်ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုများကို မြှင့်တင်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ် မီးမောင်းထိုးပြရန်၊ ငွေကြေး၊ မူဝါဒဆိုင်ရာ အထောက်အပံ့နှင့် တိုးတက်ဖြစ်ထွန်းရန်လိုအပ်သည့်ကဏ္ဍများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ လက်တွေ့ကျသောအတွေးအခေါ်များကို ဖော်ထုတ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဦးစားပေးလိုအပ်ချက်များကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ထည့်သွင်းရေးဆွဲရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိစက်မှုဇုန်ရှိ မြန်မာနယူးပါဝါကုမ္ပဏီလီမိတက်၏ မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်တော်ဆိုင်ကယ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် နည်းပညာများ လွှဲပြောင်းရရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် အပိုပစ္စည်းများ လွယ်လင့်တကူဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အခွန်ရငွေတိုးတက်စေရေး အစည်းအဝေးနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုရာခိုင်နှုန်းတိုးမြှင့်ရေး အစည်းအဝေးများကျင်းပ

**နေပြည်တော်  ဇွန်  ၂၅**

နေပြည်တော်အတွင်း အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အခွန်ရငွေတိုးတက်စေရေးအစည်းအဝေးနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုရာခိုင်နှုန်းတိုးမြှင့်ရေး အစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးများသို့ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ကျောင်းအပ်နှံမှုနှင့် ကျောင်းတက်ရောက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

အစည်းအဝေးများအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပြန်လည်ပြုပြင်နေမှုနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်းအတွင်း Modular House များ တပ်ဆင်တည်ဆောက်နေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# TTTC (ဘယ်လင်း)တွင် အိန္ဒိယ Quick Impact Project ဖြင့် Tar-Free and Dry Type Gasifier သုတေသနနှင့် EV နည်းပညာရှင်များ မွေးထုတ်ဆောင်ရွက်

**နေပြည်တော်  ဇွန်  ၂၅**

ပြည်သူများ EV သုံးစွဲမှုများ သိသာစွာ မြင့်တက်လာသဖြင့် ပြုပြင်ထိန်းသိမ်းရေး ဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် နည်းပညာရှင်များ လိုအပ်ချက်ရှိလာသဖြင့် ယင်းကို EV သင်တန်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး EV သုံးစွဲသည့် ပြည်သူများ အမှန်တကယ် အားထားရသော နည်းပညာရှင်များ ဖြစ်စေရေးအတွက် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး



ဆရာအတတ်သင် ကောလိပ် (TTTC ဘယ်လင်း) EV အလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၃/၂၀၂၅) သင်တန်းသားများ၏ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး ယာဉ်၏အဓိက အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုအင်ဂျင်နီယာဌာန အလုပ်ရုံသို့သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် Quick Impact Project အထောက်အပံ့ဖြင့် ဆောင်ရွက်သော Tar-Free and Dry Type Gasifier သုတေသနလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စပါးခွံလောင်စာနှင့် စွန့်ပစ်ပလတ်စတစ် လောင်စာများမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသောစနစ်များ အသုံးပြုဆောင်ရွက်ရန်ရှိရာ စပါးခွံများနှင့် ပလတ်စတစ်များ စွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများကို လျှော့ချနိုင်ကြောင်း၊ Gasifier သုံးစွဲသည့် ပြည်သူများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အက်စစ်ဓာတ်၊ အဆိပ်ရှိသောရေနှင့် ကတ္တရာစေးစသော Gasification ဖြစ်စဉ်မှ ဘေးထွက်ပစ္စည်းများကို ဖယ်ရှားနိုင်သောစနစ်ဖြစ်သဖြင့် ရရှိသည့် ဓာတ်ငွေ့၊ စက်သုံးဆီတို့ကို စနစ်တကျ ဓာတ်ခွဲစမ်းသပ်ရန်နှင့် မျှော်မှန်း သုတေသနရလဒ်များ ရရှိသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများပေးနေသည့် ဆန်စက်များနှင့် MSMEs များတွင်ပါ ၎င်းစနစ်ကို အကျိုးရှိရှိ အသုံးချနိုင်ရေး လိုအပ်သည့် ဒီဇိုင်းတွက်ချက်မှုများကို ဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ နည်းပညာများကို ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များက အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နည်းပညာလွှဲပြောင်းမှုများ စနစ်တကျဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေး ဖိုရမ်ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေးဖိုရမ်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒူးရင်းတောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေမြေရာသီဥတုတွင် အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းပြီး ပြည်ပဈေးကွက်အလားအလာရှိသော ဒူးရင်းသီးကို လုပ်ငန်းရှင်များနှင့် တောင်သူများ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး ကဏ္ဍအလိုက်သုံးသပ်ဆွေးနွေးနိုင်ရန် ယခုဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အလားတူ ပြည်ပဈေးကွက်သို့ လမ်းကြောင်းအမျိုးမျိုးမှ တင်ပို့လျက်ရှိသည့် မြန်မာ့ဒူးရင်းသီးများအတွက် ခိုင်မာသော ပြည်ပဈေးကွက်အသစ် ဖော်ထုတ်ပေးနိုင်ရေးကိုလည်း ဌာနတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ အပြန်အလှန် ဆွေးနွေးဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖိုရမ်ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေးဖိုရမ်ကို ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသူများက ဒူးရင်းသီးနှံ၏ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသတွင်းနိုင်ငံများ၏စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ပြည်တွင်းဈေးကွက်အခြေအနေနှင့်ပြည်ပဈေးကွက်၏အနာဂတ်အလားအလာ၊ ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်အခွင့်အလမ်းများ၊ မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဒူးရင်းသီးနှံအခြေခံထုတ်ကုန်များ ထုတ်လုပ်နေမှု၊ ဒူးရင်းသီးနှံနှင့် သက်ဆိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs လုပ်ငန်းများ၏ လက်ရှိဆောင်ရွက်နေမှုနှင့် အခွင့်အလမ်းကောင်းများကို ကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒူးရင်းမျိုးများမှ အနံ့အရသာကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သော ဒူးရင်းမျိုးကို ရွေးချယ်ဖော်ထုတ်နိုင်ရန်၊ အရည်အသွေးကောင်း ဒေသမျိုးများကို ပြည်တွင်းစားသုံးသူဈေးကွက်နှင့် ပြည်ပဈေးကွက်သို့ မိတ်ဆက်ပေးနိုင်ရန်၊ ဒူးရင်းသီးနှံကို စနစ်တကျ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရန်၊ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်သို့ အရည်အသွေးမြင့် မြန်မာပို့ကုန်တစ်ခုအဖြစ် တိုးတက်တင်ပို့ရောင်းချနိုင်ရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာများကို ကြည့်ရှုအားပေးပြီး အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုနှင့် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို အတည်ပြုပေးခဲ့သည်။

**ဆွေးနွေး**

အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၉၁ သန်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် ပြည်သူ ၆၇၇၃ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၀ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



**ဇွဲထက်ကို (ပြန်/ဆက်)**

# ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဘားအံ ဇွန် ၂၅**

ကရင်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူတိုးတက်မှုနှင့်ပြီးစီးမှု၊ စိစစ်တွေ့ရှိချက်များအား ဖြေရှင်းဆောင်ရွက်ထားရှိမှု၊ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်း(ပဌမမူကြမ်း) ပေးပို့နိုင်ရေးဆောင်ရွက်ထားရှိမှု၊ eID server တွင် အချက်အလက်များ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး လူဦးရေစာရင်းများစိစစ်ဆောင်ရွက်နေမှု၊ အီလက်ထရောနစ်မဲပေးစက်(MEVM)များနှင့်ပတ်သက်၍ တင်ပြချက်များနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သက်ဆိုင်ရာမြို့နယ်များအလိုက် စာရင်းကောက်ယူနိုင်သည့် ရပ်ကွက်၊ ကျေးရွာများ၊ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်း (ပဌမမူကြမ်း)နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ပန်းခင်းစီမံချက်အဆင့်(၃) နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချောက်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ချောက် ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇွန် ၁၇ ရက်မှစတင်၍ ချောက်မြို့နယ် ပြည်သူ့ဆေးရုံနှင့်ဌာနဆိုင်ရာရုံးတို့တွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် ချောက်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၅၀ အထက် နာတာရှည်ရောဂါခံစားနေရသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။ ယနေ့အချိန်ထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်း ၂၀၈ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၇၂ ဦးနှင့် ပြည်သူ ၅၄၀ စုစုပေါင်း ၁၉၂၀ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# ကျောင်းအပ်နှံရေး ကျောင်းတက်ရေး သားသမီးပညာရေး ပို၍တွေး ....



ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

**ပညာရေးစီမံကိန်းတစ်ခု**

၁၉၅၂ ခုနှစ်ကတည်းက ပြည်ထောင်စုတစ်ဝန်း လူမှုဘဝမြင့်မားရေး ပညာရေးစီမံကိန်းတစ်ခုထဲက တစ်နိုင်ငံလုံး စာအရေး၊ အဖတ်၊ အတွက်အချက်တတ်ဖို့ အားထုတ်ခဲ့တာဟာ ယနေ့အချိန်အခါအထိ ဖြစ်ပါတယ်။

မူလတန်းပညာကို သင်ခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ်ကလေးသူငယ်အရေအတွက်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြီးမားခဲ့ပါတယ်။ ဂဏန်းမသင် လာဘ်မမြင်သူတွေ၊ စာမတတ် စာမဖတ်နိုင်သူတွေ ပေါများခဲ့ရပါတယ်။ ယနေ့ခေတ်အချိန်အခါမှာတောင် အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းဆိုတော့ တိုင်းပြည်ရဲ့ သုံးပုံနှစ်ပုံဟာ အလယ်တန်းပညာကို လက်လှမ်းမမီလေရော့သလား၊ စဉ်းစားစရာဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်စေ ဒီကိန်းဂဏန်းတွေဟာ စိတ်ချောက်ချားဖွယ်ဖြစ်နေပါတယ်။ အသက်အရွယ်အရ သင်ယူရမယ့်ပညာရေးဟာ တစ်ခါက အဟောသိကံ ဖြစ်ခဲ့ရတာကို ယနေ့သင်ခန်းစာယူကြရလိမ့်မယ်။

ခေတ်အဆက်ဆက်မြန်မာ့ပညာရေးဟာ မညံ့ခဲ့ပါဘူး။ သင်ရိုးအဆင့်တွေဟာလည်းနိုင်ငံတကာနဲ့ မယှဉ်နိုင်တောင် အရှေ့တောင်အာရှကို ကောင်းကောင်း ယှဉ်နိုင်တယ်လို့ ပြောချင်ပါတယ်။ ပညာသင်စရိတ်ဟာ အခမဲ့ပါပဲ။ ထောက်ပံ့စာအုပ်စာတမ်းဆိုတာဟာလည်း ကျောင်းတက်မယ့် သူအားလုံးအတွက် ဖူလုံနေပါတယ်။ နိုင်ငံရဲ့သားငယ်၊ သမီးငယ် ဆယ်ကျော်သက်တွေ ကျောင်းဖွင့်ရာသီမှာ ကျောင်းတက်ဖို့ တိုက်တွန်းတာကြောင့် ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတွေဟာ လှုပ်လှုပ်ရှားရှားရှိခဲ့ပါတယ်။ ကျောင်းသားဦးရေဟာလည်း မြင့်သထက်မြင့်လာပေမယ့် ရာနှုန်းပြည့်မဖြစ်သေးတော့ နိုင်ငံအနေနဲ့ အားမလိုအားမရဖြစ်ရတာ အမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ စာတတ်ပေတတ်ပညာတတ်တွေပေါများမှ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးတွေကို မယ်မယ်ရရလုပ်နိုင်မှာဖြစ်လို့ ကျောင်းတက်ဖို့၊ ကျောင်းထွက်နှုန်းနည်းဖို့ နိုင်ငံတစ်ဝန်း အာပေါက်အောင်ပြောရ၊ လူကြီးတွေကိုယ်တိုင်နေရာအရောက် ထောက်ပံ့နေတာတွေမြင်ရတော့ ကြည့်မကောင်းရှုမကောင်းဖြစ်ရပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေ၊ မြှင့်တင်မှုတွေအရ ပညာရေးပြက္ခဒိန်မှာ မေလနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေးသီတင်းပတ်ရယ်လို့ ပညာရေးအစီအစဉ်တွေ ရေးဆွဲပြီး ဆရာကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်နေကြတာတွေမြင်ရပါတယ်။ ပညာရေးပြက္ခဒိန်မှာ ဘာကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလနဲ့ ဇွန်လအတွင်း သတ်မှတ်ပြီး သိုက်သိုက်ဝန်းဝန်း ဆောင်ရွက်ရသလဲဆိုရင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေချင်လို့ပါပဲ။ တစ်နိုင်ငံလုံး ရေးတတ်၊ ဖတ်တတ်၊ ဂဏန်းသင်္ချာ တွက်တတ်ဖို့ ဖြစ်ပါတယ်။ ဘဝကို အစစ်အမှန် ထိန်းကျောင်းနိုင်တာတစ်ခုက အနိမ့်ဆုံး KG + 9 ပညာလောက် အခြေခံပညာလောက်တတ်မှဖြစ်မယ်။ ဘယ်နိုင်ငံက ပညာရှင်ကို မေးမေး ဒီအဖြေကို ပေးလိမ့်မယ်။

**သင်ခန်းစာတွေဟာ ခက်လို့၊ သင်တဲ့နည်းတွေဟာ ဟန်မကျလို့၊ ကျောင်းက ဝေးလို့၊ စစ်ပွဲရှောင်နေရလို့၊ ဘာလို့ညာလို့ဆိုပြီး အမျိုးမျိုးသော ဆင်ခြေတွေနဲ့ ကျောင်းတက်သူ၊ ကျောင်းအပ်နှံသူအရေအတွက် အမြင့်ဆုံးသို့ မရောက်ဖြစ်နေပါတယ်။ ပညာစီးပွားခေတ် (Knowledge economy) မှာ ကျောင်းသား လူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူးဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။ အုပ်ထိန်းသူကဖြစ်စေ၊ မိဘကဖြစ်စေ သူ့ကလေးပညာရေးအတွက် ကလေးကို ကျောင်းလာအပ်တယ်ဆိုရင်ပဲ ရပ်ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတယ်။**

ကျောင်းဟာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်တယ်။ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ဗြဟ္မစိုရ်တရား ထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်းကျောင်းပဲ။ စာသင်ကျောင်းက အစပြုလိုက်တဲ့ လောကနီတိ ကျင့်ဝတ်တွေကသာ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာရောက်တယ်။ စိန်ခေါ်မှုကို ဉာဏ်နဲ့ယှဉ်ပြီး ရင်ဆိုင်နိုင် ကျော်လွှားနိုင်ဖို့ စွန့်စားကြရလိမ့်မယ်။ မစွန့်စားရင် မစားရဘူးလို့ဆိုသလိုပါပဲ။ မြန်မာ့တံခါးကို ဖွင့်၊ ကမ္ဘာကိုကြည့်လိုက်ပါ၊ ဒီနေ့ လှုပ်ရှားရမယ့်ကိစ္စဟာ နိုင်ငံသားတိုင်း အရွယ်ရောက်သူကလေးတိုင်းဟာ ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတက်ဖို့ပဲဖြစ်ပါတယ်။



**“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်” ဖြစ်ပါတယ်။ Lifelong learning ဖြစ်ပါတယ်။ ပညာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်ဖို့ဖြစ်ပါတယ်။ ကျောင်းလည်းမတက်၊ မိဘရဲ့ လုပ်ငန်းမှာလည်း အထောက်အပံ့မဖြစ်ရင်၊ အနိမ့်ဆုံး မိခင်ရဲ့မီးဖိုချောင်အလုပ်ကို ဝင်မကူဖြစ်ရင်၊ အိမ်ခန်းရှင်းဖို့ ဝင်ရောက်မကူကြရင်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ငယ်စဉ်ဘဝကတည်းက လက်ကြောမတင်းရင် ၂၁ ရာစုမှာ ဝင်ဆံ့ဖို့ဆိုတာ ဝေးစွ၊ ၁၈ ရာစုမှာ ပြန်နေဖို့ ဖြစ်နေလိမ့်မယ်။**

ကုန်းဘောင်ခေတ်ကို ပြန်ကြည့်ရင် စစ်ထွက်ကြရင်း ရောက်တဲ့အရပ်မှာ စိုက်ပျိုးမွေးမြူတဲ့ အတတ်ပညာနဲ့ စစ်ပွဲတွေအောင်မြင်ဖို့ ခက်ခက်ခဲခဲ အားထုတ်ခဲ့တဲ့သမိုင်း ရှိခဲ့ပါတယ်။ အဋ္ဌာရသ ၁၈ ရပ်ကို တတ်မြောက်ကြရတယ်။ ဒါတွေကို ဘုန်းကြီးကျောင်းပညာရေးနဲ့ ဆောင်ရွက်ခဲ့ကြရတယ်။ ၂၁ ရာစုခေတ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပထဝီနိုင်ငံရေးတွေဟာ ရှုပ်ထွေးလွန်းလှတော့ အခြေခံပညာလောက်မှ မတတ်မြောက်တဲ့ လူထုဖြစ်နေရင် ဆင်းရဲဒုက္ခတွင်းဟာ နက်သထက်နက်၊ ပြန်တက်ဖို့ ခက်လိမ့်မယ်။

ပြည်တွင်းမငြိမ်မသက်၊ အငြင်းပွားမှုတွေ၊ ဝရုန်းသုန်းကားနဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေလိမ့်မယ်။ ဒါကြောင့် ကလေးသူငယ်ကအစ မိဘတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ကဏ္ဍအသီးသီးမှာ တာဝန်ရှိသူတွေဟာ ကိုယ့်နိုင်ငံအနာဂတ်အတွက် ပညာရေးကို ပိုရင်းနှီးမြှုပ်နှံကြမှ၊ ကြီးမားတဲ့တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရတယ်လို့ ခံယူပြီး သားသမီးအရေး၊ ကျောင်းတက်ဖို့အရေး၊ ပိုတွေးမှ တော်ကာကျလိမ့်မယ်။ ကလေးတွေရဲ့ အနာဂတ်အရေး မြော်တွေးပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ဖို့ဖြစ်ပါတယ်။ ဒီကြိုးစားမှုကြောင့် ဖြစ်ထွန်းလာမယ့် ကျောင်းနေအရွယ်ကလေးတွေ ရာနှုန်းပြည့်နီးပါး ကျောင်းနေပြီး စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်တဲ့ ကျောင်းသင်ပညာရေးဟာ ဗလငါးတန်အထိ ရှေးရှုနိုင်တာမို့ တန်ဖိုးကြီးလှပါတယ်။ ကျောင်းဟာ အနည်းဆုံး ဆိုးသွမ်းလူငယ်မဖြစ်ဘဲ စည်းကမ်းရှိတဲ့သူဖြစ်အောင် လုပ်ပေးတယ်။ ကျောင်းဟာ မဖွံ့ဖြိုးသေးတဲ့ဒေသ ဖွံ့ဖြိုးအောင်လုပ်ပေးနိုင်တယ်။ ဖွံ့ဖြိုးဖို့ဆိုရာမှာ စည်းကမ်းကောင်းမွန်ရေး၊ တရားဥပဒေလိုက်နာရေး၊ ဆိုးသွမ်းလူငယ်မဖြစ်ရေး၊ ဒုစရိုက်ကင်းတဲ့သူဖြစ်ရေး၊ သိပ္ပံနည်းကျတွေးခေါ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေမီးပေါကြွယ်ဝရေးထိ အကျုံးဝင်ပါတယ်။

ပညာဆိုတာ ရှေ့မှာရှိမယ့် ကောင်းကျိုး၊ ဆိုးကျိုးကိုမြင်နိုင်တယ်။ ထွင်းဖောက်မြင်နိုင်တယ်။ အသက်မွေးဝမ်းကျောင်းမှုတွေကို သူကိုယ်တိုင်ရှာဖွေနိုင်စွမ်းရှိလာတယ်။ မြင့်မားတဲ့ ကျွမ်းကျင်မှုတွေနဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးနယ်ပယ်တွေမှာ တိုးတက်လာနိုင်တယ်။ နိုင်ငံတစ်ခုကို ပိုလုံခြုံအောင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတာ ဒါပါပဲ။

ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

ပညာရေးလောကသားအနေနဲ့ **“ပညာပေးကာလ”** ကုန်လွန်ပြီလို့ယူဆပြီး ကျောင်းအပ်နှံရေး၊ ကျောင်းတက်ရေး၊ မတက်ရေး ထပ်မံမပြောလိုတော့ပြီ။ ကိုယ့်ဘဝ၊ မိသားစုဘဝ၊ နိုင်ငံရဲ့ဘဝကံကြမ္မာကို ကိုယ်တိုင်ကိုယ်ကျ ကောင်းအောင်တည်ဆောက်နိုင်ဖို့ပဲ တိုက်တွန်းချင်ပါတယ်။ ကျောင်းတက်မှု၊ ကျောင်းအပ်နှံမှုနည်းရင် စာသင်သူနည်းလိမ့်မယ်။ ဒီလိုဆိုရင်လည်း ဝမ်းမနည်းလေနဲ့၊ ဆရာ ဆရာမများက ပိုထိရောက်တဲ့ သင်ကြားမှုကို ကျောင်းတက်တဲ့ကလေးတွေ၊ ဆယ်ကျော်သက်တွေ ရသွားလိမ့်မယ်။ ငွေကြေးတတ်နိုင်သူတွေကလည်း ပုဂ္ဂလိကကျောင်းတွေမှာ အနည်းဆုံး KG + 9 တတ်မြောက်မှ လူလားမြောက်မယ်ဆိုတာ သိကြတာမို့ သူတို့သားသမီးတွေကို ကျောင်းကို ပို့လိုက်ကြလိမ့်မယ်။ ဒါကြောင့် ထပ်မံပြောရရင် တစ်နိုင်ငံလုံး အခြေခံကျောင်းပေါင်း လေးသောင်းကျော်မှာ ကျောင်းအပ်နှံဖို့၊ ကျောင်းတက်ဖို့၊ ကျောင်းထွက်နှုန်း နည်းဖို့ကိစ္စမှာ ပညာရေးလောကသားတာဝန်ရှိသူတွေက အကောင်းဆုံး၊ အတတ်နိုင်ဆုံး ပြင်ဆင်ပေးထားပြီး ပံ့ပိုးမှုတွေဟာလည်း ပြောမဆုံးနိုင်ဖြစ်ပါတယ်။

ကိုယ်တိုင်တွေး၊ ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်လုပ်ကြရန်သာ ကျန်ပါတော့သတည်း။ ။

☆ **“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်” ဖြစ်ပါတယ်။ Lifelong learning ဖြစ်ပါတယ်။ ပညာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်ဖို့ဖြစ်ပါတယ်။ ကျောင်းလည်းမတက်၊ မိဘရဲ့ လုပ်ငန်းမှာလည်း အထောက်အပံ့မဖြစ်ရင်၊ အနိမ့်ဆုံး မိခင်ရဲ့မီးဖိုချောင်အလုပ်ကို ဝင်မကူဖြစ်ရင်၊ အိမ်ခန်းရှင်းဖို့ ဝင်ရောက်မကူကြရင်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ငယ်စဉ်ဘဝကတည်းက လက်ကြောမတင်းရင် ၂၁ ရာစုမှာ ဝင်ဆံ့ဖို့ဆိုတာ ဝေးစွ၊ ၁၈ ရာစုမှာ ပြန်နေဖို့ ဖြစ်နေလိမ့်မယ်**

# ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇွန် ၂၅**

ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် နည်းပညာတက္ကသိုလ်(စစ်တွေ)တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးနှင့် စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းများဖွင့်လှစ်သင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေနှင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပမည့်အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)





# ခရိုင်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ညှိနှိုင်းစည်းဝေး

**ပြင်ဦးလွင် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငြိမ်းချမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အိအိဖြိုးအောင်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့ ရပ်ကွက်/ကျေးရွာအတွင်း ဆောင်ရွက်ရမည့် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံ စာအုပ်ပြပွဲ ပြုလုပ်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက အင်းစိန်



အထက(၁) ရောဝတီခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်(ငြိမ်း) ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး အကြောင်းအရာများကို ဆွေးနွေးဟောပြောကြကာ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး အသိပညာပေး နံရံကပ်ဗီနိုင်းဓာတ်ပုံများနှင့် စာအုပ်စာစောင်များကိုလှည့်လည်ကြည့်ရှုမှတ်သားကြကြောင်း သိရသည်။

မြင့်ဦး

# ပြင်ဦးလွင်မြို့နယ်၌ ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအတွင်းရေးမှူး ဒေါ်ဟန်နီသင်းက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှု ဆပ်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# ကျွန်းလှမြို့နယ်၌ ငလျင်ဘေးအန္တရာယ် အသိပညာပေး ဇာတ်တိုက်လေ့ကျင့်

**ကျွန်းလှ ဇွန် ၂၅**

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ် မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဖြိုးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မြတ်မိုးဆန်းနှင့် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဇော်လင်းဟန်တို့က ငလျင်လှုပ်ရသည့် အကြောင်းရင်း၊ ပျက်စီးနိုင်မှုအခြေအနေနှင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးများ၊ ငလျင်မလှုပ်မီ လုပ်ဆောင်ရမည့် နည်းလမ်းများ၊ ငလျင်လှုပ်နေစဉ်ဘေးကင်းစွာနေထိုင်နည်း၊ အရေးပေါ်ပစ္စည်းများ ပြင်ဆင်ထားရှိရေး စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသားကျောင်းသူများအား ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ငလျင်လှုပ်ပြီး ပြိုကျနေသည့် အဆောက်အအုံအတွင်း လူနာကယ်ထုတ်ခြင်း၊ ဆေးကုသမှုခံယူခြင်းနှင့် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# မင်းတုန်းမြို့၌ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးအဖွဲ့ အသင့်စုဖွဲ့ထားရှိ

**မင်းတုန်း ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် မြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်း ၃၅ ဦး၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း ၂၂ မျိုးနှင့် ဖိုက်ဘာစက်လှေတစ်စင်းဖြင့် အသင့်စုဖွဲ့ထားရှိမှုကို ယမန့်နေ့နံနက် ၁၀ နာရီခွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြသည်။



ထို့နောက် ရေပြင်ရှာဖွေကယ်ဆယ်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များက တံတားဆည်အတွင်း ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများနှင့် ဖိုက်ဘာစက်လှေတို့ဖြင့် လေ့ကျင့်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်မြို့နယ်မီးသတ်ဦးစီးမှူးတို့က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# PDF အမည်ခံအဖွဲ့ဝင် ၁၉ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်၊ ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဇွန် ၂၅

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်အစိုးရက ဖိတ်ခေါ်လျက်ရှိရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော ဒေသအသီးသီးမှ PDF သင်တန်းဆင်း ၁၉ ဦးတို့သည် လက်နက်/ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည်။



**တက်ရောက်**

အဆိုပါလွှဲပြောင်းအပ်နှံပွဲသို့ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်တစ်ဦး ယူဆောင်လာသည့် MA-2 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အတောင့် ၅၀ နှင့် ကျည်အိမ် နှစ်ခုတို့ကို အပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ဝက်လက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ အောင်မြေသာစံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား နှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


နေပြည်တော် ဇွန် ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Love Knot" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်ပေါ်တောင်ကျေးရွာနေ သိန်းထိုက်အောင်အားည ၁၀ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် "Tinhtut Win"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက်နေ တင်ထွဋ်ဝင်း(ခ)အွမ်မယ်နှင့် ၎င်း၏ဇနီး စန္ဒာဝင်း(ခ)ဆိုင်နဘီတို့နှစ်ဦးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၆-၂၀၂၅ ရက်နေ့မှ ၃၀-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သွားရောဂါလူနာများအား ကွင်းဆင်းကုသပေး



ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် သွားနှင့်ခံတွင်းအထူးကုဆေးရုံ (သာကေတ)နှင့် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တို့မှ သွားရောဂါအထူးကုဆရာဝန်ကြီးများအဖွဲ့က သွားရောဂါလူနာများအား ကွင်းဆင်းကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**အသိပညာပေး ဟောပြော**

ထိုသို့ ဆေးကုသပေးရာတွင် သွားရောဂါလူနာရှင်များ သွားရောဂါနှင့်ပတ်သက်၍ သက်သာပျောက်ကင်းစေရန် ရည်ရွယ်၍ သွားနှင့် ခံတွင်းအထူးကုဆေးရုံ (သာကေတ)နှင့် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တို့မှ ကျန်းမာရေးဆရာဝန်ကြီးများ၊ ဆေးမှူးများ၊ သူနာပြုများက ဆေးကုသရေးအထောက်အကူပြု ပစ္စည်းကိရိယာများဖြင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းနှင့် သွားကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ INNO CITY CONDOMINIUM၊ အမှတ်(၁၄၈၊၁၄၉၊၁၅၀)၊Type(A1)၊ Block-(104)၊ အခန်းအမှတ်(၁၉၀၆)၊အကျယ်အဝန်း(၉၂၅. ၅၁)စတုရန်းပေအကျယ်ရှိရေမီးစုံလင်စွာပါရှိသောကွန်ဒိုတိုက်ခန်းနှင့် ပရိဘောဂများအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ Mrs. Mun Kyong Jin,(Passpost No-M48327650)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လီမွှာဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၄၅၆)
ဒေါ်နော်စိုးစံထူး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၀၉၃)
ဒေါ်ဆုလဲ့လဲ့နိုင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၂၅၄)

09-403561790, 09-409661188, 09-458887918, 09-408098822

အမှတ် (1/A2)၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။



## “ကန့်ကွက်ပါနိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၈၁၅)၊ သခင်ဖိုးလှကြီးလမ်း ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၆)ဧကအကျယ်ရှိ မြေကွက်မှာ ဒေါ်နုနုဝင်း(MGN-၁၅၀၁၅၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး၊ အမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကောင်းမြတ်ထွန်း[၁၂/သကတ(နိုင်)၁၅၃၈၁၉]က အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိသာပိုင်ဆိုင်ပြီး၊ အပေါင်အနှံ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**



## တစ်ဦးတည်းဖြစ်ပါကြောင်း

မငြိမ်းစုဝေ၏ဖခင် အိမ်ထောင်စုဇယားတွင်ပါရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၈/မမန(နိုင်)၁၇၀၅၆၉] ကိုင်ဆောင်သူ ဦးလွင်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် ပါရှိသော ဦးခင်မောင်လွင် အမည်နှစ်မျိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော အဖဦးချစ်ကိုကို [၉/မထလ(နိုင်)၂၅၃၉၃၂]၏ သမီး မအိပြည့်စုံကို. အား မအိသန့်သန့်ကျော် ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့၊ အမှတ်(၂)ရပ်ကွက်၊ သစ်ထုတ်လုပ်ရေး(ဝင်း)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမျိုး[၁၄/ကခန(နိုင်)၀၇၉၃၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်မှာ –

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လှူနေရပ်ကွက်အမှတ်(–)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၈၁)၊ (တစ်နည်းအားဖြင့်) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၃)လမ်း၊ အမှတ်(ခ/၅၉)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)မြေပေါ်တွင်ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦအနက်မှ စတုတ္ထထပ်(၅–လွှာ)၊ (ခေါင်းရင်း)၊ (တိုက်ကိုမျက်နှာမူလျှင်လက်ယာဘက်အခြမ်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ) ရှိ တိုက်ခန်းအား ဦးသန်းထိုက်စိုး[၁၄/လပတ(နိုင်)၀၀၀၃၃၂]မှ ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမျိုး[၁၄/ကခန(နိုင်)၀၇၉၃၄၄]မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးအေးမျိုး**
**[၁၄/ကခန(နိုင်)၀၇၉၃၄၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးကျော်ကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၈၇၀)**
**အမှတ်(စ/၅၀)၊ စိန်ပန်းလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၀၉–၉၇၀၀၇၂၉၈၈၊ ၀၉–၆၆၆၂၈၆၇၃၃**



## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မင်းထွေး [၆/လလန(နိုင်)၁၁၀၀၇၉] ၏ ပွဲနင်းမှုးလက်မှတ် REV-0008/2024 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၀၀၆၃၅၂၀**



## ပျောက်ဆုံးကြောင်း

(ဘ) ဦးသန်းအောင်၏ သား ဦးကျော်ငြေး [၁၄/အဂပ(နိုင်)၀၄၆၉၈၁]၏ Customs Broker ပန်းရောင်ကတ် (519550) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-964480376**



## ဖခင်အမည်မှန်

မနှင်းအာရဏ် [၁၂/ဥကတ(နိုင်)၂၂၃၉၈၂] ၏ ဖခင် အမည်မှန်မှာ ဦးကျော်ထွန်းလင်း [၁၂/ဥကတ (နိုင်) ၁၃၃၇၂၉] ဖြစ်ပါကြောင်း။



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ အောင်သုခ (၄)လမ်း၊ အမှတ်(၂၃၂)ဟုမှတ်သားတည်ရှိသော ဦးစောပလယ်စော[၁၂/အစန(နိုင်)၁၀၁၅၇၁]အမည်ပေါက် ပေ(၄၀x၆၀)အကျယ်အဝန်းရှိသည့် ပါမစ်မြေကွက်အနက်မှ အမှတ်(၂၃၃)နှင့် ကပ်လျက်တည်ရှိသော ပေ(၂၀ x ၆၀)မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်သဉ္ဇာထွဋ်[၁၂/သဃက(နိုင်)၀၆၈၁၀၀]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆိုခိုင်လုံသော စာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရိန်ကျော်(ဥပဒေတွဲ)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၀၇၉၀၀၆၁၆၊ ၀၉–၄၅၇၃၉၈၂၂၇**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးစိုးနိုင်ဦး [၁၂/ဒပန(နိုင်)၀၃၉၃၇၂]ကိုင်ဆောင်သူ၏ သမီးဖြစ်သူ မယမင်းသူ [၁၂/ဒပန(နိုင်)၀၆၃၁၅၇]ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်**
**ဦးစိုးနိုင်ဦး**
**[၁၂/ဒပန(နိုင်)၀၃၉၃၇၂]**


❖ **အာရှဖလားမှ**

လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ ဖြူဖွေး၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ဇူးလတ်နဒီ၊ ဖြူဖြူဝင်း (ဧရာဝတီ)၊ ဆောင်းနှင်းဖွေး၊ ခင်မျိုးသန္တာထွန်း(ရှမ်းယူနိုက်တက်)၊ အလယ်တန်း– နော်ထက်ထက်ဝေ (ဧရာဝတီ)၊ ရွှေရည်ထွန်း၊ မိုးမိုးသန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင်(ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း–ဝင်းသီဂီထွန်း (ဆာဘား၊ မလေးရှား)၊ စန်းသော်သော် (ဧရာဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်) နှင့် မေထက်လူ (Los Angeles Pierce College– အမေရိကန်)တို့ ပါဝင်ကြသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (C) ပွဲစဉ်များကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို တစ်နေ့လျှင် နှစ်ပွဲနှုန်းကျင်းပမည်ဖြစ်ပြီး ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ည ၇ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

❂ **ကျောဖုံးမှ**

အုပ်စု(D)ရဲ့ အုပ်ဒုတိယနေရာနဲ့ ၁၆ သင်းအဆင့် တက်လှမ်းခဲ့တဲ့ ချယ်လ်ဆီး အသင်းဟာ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်မှာ ပေါ်တူဂီကလပ် ဘင်ဖီကာ အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ဘင်ဖီကာအသင်းဟာ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အုပ်စု(C)ပထမနေရာနဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် တက်လှမ်းခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘင်ဖီကာအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် အုပ်စုဒုတိယနေရာနဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ၁၆ သင်းအဆင့်မှာ ဘရာဇီးကလပ် ဖလာမန်းဂိုးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

❍ **MNL ယူ–၂၁ မှ**

တတိယနေရာမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးမရှိသရေ၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် အားကာသိပ္ပံအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ်(၁၀) နောက်ဆုံးနေ့ကို ဇွန် ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ Falcon အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ချစ်ကိုကို၊ ဓာတ်ပုံ–MNL**

# ငပုတောမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ

**ငပုတော ဇွန် ၂၅**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ်၌ပြည်တွင်းအခွန်များဦးစီးဌာနက မြို့နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေး ရှင်းလင်းခြင်းကို ယနေ့နံနက် ၁၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ပြုလုပ်သည်။



အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဝင်းက ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်အောင်မိုး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုကြည်နှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးရဲအောင်လွင်တို့ ဦးဆောင်၍ ဇွန် ၂၅ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသောကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ကြစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# တပ်ကုန်းမြို့၌ သဘာဝဘေးတုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**တပ်ကုန်း ဇွန် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်၍ သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက အောင်ဇေယျရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးလောင်ကျွမ်းရခြင်း၏ အကြောင်းအရင်းများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ရေဘေး၊ ငလျင်ဘေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ၊ ကယ်ဆယ်ရေးလုပ်ဆောင်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောပြီး ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းဝင်များက ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့သဏ္ဍာန်တူသရုပ်ပြသခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြိတ်လမ်း၊ မြေကွက်အမှတ်(၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၁x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်ဖြူဖြူဝင်း[၁၄/ကခန(နိုင်)၀၂၀၆၇၀]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၆၆)**
**အမှတ်(A–3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ဖန်ချက်စက်လမ်းနှင့်ဆန်စက်လမ်းကြားရှိ မုဒိတာ(၂)၊ တန်ဖိုးနည်းကွန်ဒိုအိမ်ရာမှ တိုက်ခန်းအမှတ် (2B–618) တိုက်ခန်း၏ အမည်ပေါက်ပိုင်ရှင်သည် တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် ဒေါ်မြင့်မြင့်ဦး [၁၂/အစန(နိုင်)၁၃၅၁၅၆]ဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ပိုင်ရှင်မှ ငှားရမ်းထားခြင်း၊ နေထိုင်ခွင့်ပြုထားခြင်းမရှိဘဲ တက်ရောက်နေထိုင်သူများသည် ယခုကြော်ငြာသည့်နေ့မှ (၁၀)ရက်အတွင်း ဖယ်ရှားထွက်ခွာပြီး ပိုင်ရှင်ထံသို့ လက်ရောက်ပြန်လည်အပ်နှံပေးရန်နှင့် ယင်းတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထား(မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုသင်း (စဉ်–၁၄၀၃၁) ဒေါ်တင်တင်ထွေး(စဉ်–၈၀၁၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E–1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၄၄၉၈၀၀၉၂၇**

## တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၂၃)၊ (၆)လွှာ–(ဝဲ) (၁၂½ပေx၅၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း တာဝန်ယူဝန်ခံပြောဆိုလျက် ဦးမြင့်သိန်း [၁၂/ကတတ(နိုင်)၀၀၂၇၀၈]ထံမှ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျန်ငွေပေးချေ အပြီးသတ်စာချုပ် ပြုလုပ်ချုပ်ဆို တိုက်ခန်းလက်ရောက်ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိန်မြင့် ဦးညီလင်းဖေ**
**စဉ်–၁၀၉၁၆ စဉ် – ၃၅၃၂၆**
**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁၈– ၃၇၇၄၀၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉/တိုးချဲ့ရပ်ကွက်၊ ရောလမ်း၊ အမှတ်(၁၃၁) ဟုခေါ်တွင်သော မြေကွက်နှင့် ယာဉ်အမှတ် (BB–5009 )၊ ဖင်ကောက် Toyota ( အဖြူရောင် )အမျိုးအစား မော်တော်ယာဉ်သည် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မိုးမိုးခိုင်[၁၂/ဥကတ(နိုင်)၀၅၅၅၇၅]**မှ အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် အပြီးအပိုင်ဝယ်ယူလာခဲ့ပြီး ယနေ့အချိန်ထိ လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။ သို့သော် အဆိုပါ မြေကွက်နှင့်ပတ်သက်သည့် ပါမစ်မူရင်း၊ အရပ်ကတိအရောင်းအဝယ်စာချုပ်နှင့် မော်တော်ယာဉ်နှင့်ပတ်သက်သည့် (Owner Book)၊ ကားအရောင်းအဝယ်စာချုပ်တို့နှင့်အတူ ၎င်း၏အိမ်ထောင်စုလူဦးရေစာရင်းနှင့် ၎င်း၏အမျိုးသားဖြစ်သူ **ဦးကျော်အောင်**၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့သည် နေအိမ်တွင်သိမ်းဆည်းထားရာမှ (၂၀–၆–၂၀၂၅ )ရက်နေ့တွင် လူခိုးခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအကြောင်းအရာအား Social Media ဖြစ်သည့် Facebook စာမျက်နှာပေါ်တွင်လည်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အပေါင်ခံခြင်း၊ ငှားယူခြင်း၊ အလဲအလှယ်ပြုလုပ်ခြင်း၊ ပေးကမ်းခြင်းကို ရယူခြင်းတို့အပြင် အခြားမည်သည့်ကိစ္စများကိုမှ မပြုလုပ်ကြပါရန်နှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်ဆွေသန်း ( LL.B, LL.M ) အထက်တန်းရှေ့နေ( စဉ်–၃၈၂၅၀ )**
**အမှတ်(၁၈၂)၊ ရဲကျော်အောင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၂၄၀၄၀၁၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ (အေးသာယာရပ်ကွက်)၊ ဇဟို(၂၀)လမ်း၊ အကွက်အမှတ်(H–၁၉၅) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ ဒေါ်ဝင်းမာချို အမည်ပေါက် စလစ်မြေအမျိုးအစား (အနောက်လှည့်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ် ရရှိပိုင်ဆိုင်ထားသော ဦးမျိုးသက် [၈/ခမန(နိုင်)၁၃၄၉၆၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးမျိုးမင်းထွန်း [၁၄/ဓနဖ(နိုင်)၁၁၇၃၉၈]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးကျော်ဇေယျ (LL.B) (စဉ်– ၁၃၁၈၁/၁၇)**
**ဒေါ်နော်ဆည်းဇာ(LL.B) (စဉ်– ၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်– ၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဉ်– ၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ ပဲခူးစုရပ်ကွက်(ရုံးတော်ကွက်)၊ သန်လျင်မြို့။ ဖုန်း – ၀၉–၅၁၇၃၇၅၈**

## ရခိုင်ပြည်နယ်လွှတ်တော်ရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅–၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ် လွှတ်တော်အဆောက်အဦ ပြုပြင်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ကိရိယာများ၊ ဝယ်ယူရေး/ပြင်ဆင်ရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်လွှတ်တော်ရုံး၊ တယ်လီဖုန်းအမှတ် ၀၉–၄၂၄၅၁၈၀၈၉၊ ၀၉–၃၄၀၂၆၁၁၇၈၊ ၀၉–၂၆၅၇၃၂၂၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် အောက်ပါ အစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | – ၁၀–၇–၂၀၂၅ ရက် |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် | – ၂၄–၇–၂၀၂၅ရက်၊ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | – ၂၅–၇–၂၀၂၅ရက်၊ (၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါအဆိုပြုလွှာ ဖွင့်မည့်ရက် | – စာဖြင့်အကြောင်းကြားပါမည် |
| (င) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | – ရခိုင်ပြည်နယ်လွှတ်တော်ရုံး၊ စစ်တွေမြို့ |

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ Star City Condo Zone B4၊ အခန်းအမှတ် (910)ဟု ခေါ်တွင်သော (၉၄၆)စတုရန်းပေ အကျယ်အဝန်းရှိသည့် ကွန်ဒိုတိုက်ခန်း၊ တွယ်ကပ်တပ်ဆင်ထားသော အရာများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သူ ဦးစိုင်းထွန်းထွန်းနိုင် (ဘ) ဦးစိုင်းလွင်(ခ) ဦးဖန်ဆိုင်းလွင် [၉/မကန(နိုင်)၀၀၀၀၇၂]က ၎င်းတစ်ဦးတည်းသာလျှင် လက်ရှိထားပိုင်ဆိုင်၍ စီမံခန့်ခွဲလျက်ရှိကြောင်း၊ အရှုပ်အရှင်းလုံးဝမရှိကြောင်း၊ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကမ်းလှမ်းရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းလင်းနိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ် – ၁၈၉၂၉ )**
**အမှတ်(၂၀၄)၊ (၁၀)လွှာ၊ The Leaf Tower ၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၃၂၆၆၃၆၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်၊ (၁)လမ်း၊ အိမ်အမှတ် (၃)နေ (ဦးညိုလွင်)၊ ဒေါ်ထွေးဝင်း[၁၀/ရမန(နိုင်)၁၉၀၀၅၁]တို့၏သား မောင်စံမင်းညို [၁၀/ရမန(နိုင်)၂၂၅၀၀၁] သည် မိဘဆိုဆုံးမမှုများကို မနာခံဘဲ၊ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။)

**ဒေါ်ထွေးဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ် (၁၀၉)၊ ဒုတိယထပ်၊ ၃–လွှာ၊ (၂၅'x၆၀') အကျယ်အဝန်းရှိတိုက်ခန်းသည် ဒေါ်အမွေး [၁၂/လသန(နိုင်)၀၀၄၆၆၁]+၁ တို့မှ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ၎င်းတို့မှ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်–၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

**SHWE TAUNG DEVELOPMENT CO., LTD** မှ ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနှင့် ကျွန်တောလမ်းကြား၊ (၇)ရပ်ကွက်၊ CRYSTAL RESIDENCE Level (20)၊ Unit Type (B) အဆောက်အဦရှိ အကျယ်အဝန်း (၉၅၉)စတုရန်းပေရှိ အခန်းအမှတ်(20–07) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သီတာ [၁၂/တမန(နိုင်)၀၆၇၉၇၆] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၀၆၀၆)**
**အမှတ်(၂)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်တရားရုံးအနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၅၀၁၂၂၂၅၊ ၀၉–၇၇၅၃၇၄၅၃၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ နေကြာလမ်း၊ မြေကွက်အမှတ်(၆၄၆)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်လှမျိုးဇံ[၁၁/စတန(နိုင်)၀၄၅၇၉၁]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်–၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်စုစုလှိုင်(LL.B) (စဉ်–၅၅၅၆၃)**
**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B) (စဉ်–၅၆၆၆၂)**
**ဒေါ်ပန်းသဇင်ကျော်(LL.B) (စဉ်–၅၆၈၂၃)**
**ဒေါ်သက်ထားခိုင်(LL.B) (စဉ်–၅၆၈၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၂၀၈၈၆၉၁**

